သတင်းထုတ်ပြန်ချက်

လူ့အခွင့်အရေးဆိုင်ရာ စိုးရိမ်မှုများကြောင့် ရှမ်းယူနိုက်တက်ဘောလုံးအသင်းအား ဩစတြေးလျ၏ ပြည်ဝင်ခွင့်ဗီဇာ ပိတ်ပင်လိုက်မှုအပေါ် ဒီမိုကရေစီအရေးတက်ကြွလှုပ်ရှားနေသောအဖွဲ့များမှ ချီးကျူးကြပြီး ပိတ်ဆို့မှုများ ထပ်မံပြုလုပ်ရန် တောင်းဆို

[Sydney၊ ၂၀၂၃ ခုနှစ် ဒီဇင်ဘာ ၁ရက်နေ့] – Myanmar Campaign Network (MCN)၊ Justice For Myanmar (JFM)၊ Australian Coalition for Democracy in Burma (ACDB) နှင့် Global Myanmar Spring Revolution ကမ္ဘာလုံးဆိုင်ရာ မြန်မာ့နွေဦးတော်လှန်ရေးအဖွဲ့ (GMSR) တို့သည် ဩစတြေးလျအစိုးရ၏ မြန်မာဘောလုံးအသင်းဖြစ်သော ရှမ်းယူနိုက်တက်အသင်းထံ ဗီဇာငြင်းပယ်ခြင်းဆိုင်ရာ ဆုံးဖြတ်ချက်အပေါ် ချီးမွမ်းပါသည်။ မြန်မာစစ်တပ်၏ လူ့အခွင့်အရေးချိုးဖောက်မှုများနှင့် ဆက်နွယ်နေသော ကလပ်အသင်းအဖွဲ့များနှင့် ဆက်စပ်သောလူပုဂ္ဂိုလ်များ၊ စီးပွားရေးလုပ်ငန်းများအပေါ် အကြီးအကျယ် စိုးရိမ်ပူပန်မှုများကို ကိုးကားပြီး ဒီမိုကရေအရေးတက်ကြွလှုပ်ရှားနေသော အဖွဲ့အစည်းများမှ ပြင်းပြင်းထန်ထန် တွန်းအားပေးခဲ့ပြီးနောက် ယခုကဲ့သို့ ဆုံးဖြတ်ချက် ထွက်ပေါ်လာခြင်း ဖြစ်ပါသည်။

ယင်းတိုက်တွန်းချက်များကြောင့် နိုဝင်ဘာလ (၃၀) ရက်နေ့၌ ဩစတြေးလျတွင် ကျင်းပရန် စီစဉ်ထားသည့် ရှမ်းယူနိုက်တက်အသင်းမှာ ၎င်းတို့၏ အာရှဘောလုံးအဖွဲ့ချုပ် (AFC) ဖလားပြိုင်ပွဲအတွက် ဆစ်ဒနီအသင်းဖြစ်သည့် Macarthur Bulls နှင့် ယှဉ်ပြိုင်ကစားမည့် ပြိုင်ပွဲကို ဩစတြေးလျ၏ ပြည်ဝင်ခွင့် ငြင်းပယ်ခဲ့မှုကြောင့် ထိုင်းနိုင်ငံ ဘန်ကောက်မြို့သို့ ပြောင်းရွှေ့ကျင်းပလိုက်ရခြင်းဖြစ်သည်။

MCN၊ JFM၊ ACDB နှင့် GMSR တို့သည် ရှမ်းယူနိုက်တက်အသင်းမှ ကစားသမားများနှင့် တာဝန်ရှိသူများဖြစ်သော ကလပ်ပိုင်ရှင် Wa Minn Group of Companies နှင့် ၎င်း၏စပွန်ဆာ Kanbawza Group of Companies (KBZ Group) တို့အပေါ် စိုးရိမ်မှုများ မြင့်တက်လာခဲ့ပြီး ဗီဇာငြင်းပယ်ရန် ဩစတြေးလျဝန်ကြီးများအား တိုက်တွန်းခဲ့ခြင်းဖြစ်သည်။

'ဝမင်း' ကုမ္ပဏီအုပ်စုနှင့် ပိုင်ရှင် ခွန်နောင်မြင့်ဝေသည် မြန်မာ့စစ်တပ်နှင့် ပူးပေါင်းပြီး အိမ်ခြံမြေ ဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်းနှစ်ခုအတွက် ပါမစ်များ ကိုင်ဆောင်ထားသည်။

အဆိုပါစီးပွားရေးလုပ်ငန်းများမှာ သြစတြေးလျမှ ဒဏ်ခတ်ပိတ်ဆို့ထားသော လုပ်ငန်းစုဖြစ်သော မြန်မာ့စီးပွားရေးကော်ပိုရေးရှင်း (MEC) နှင့် အမေရိကန်၊ ယူကေ၊ အီးယူနှင့် ကနေဒါတို့က ဒဏ်ခတ်ပိတ်ဆို့ထားသည့် မြန်မာ့တပ်မတော် စစ်ထောက်ချုပ်ရုံးနှင့်ပူးပေါင်းဆောင်ရွက်နေကြောင်း မြန်မာနိုင်ငံရင်းနှီးမြုပ်နှံမှုကော်မရှင်မှ ပေါက်ကြားလာသည့် အချက်အလက်များအရ သိရှိရပါသည်။

ကမ္ဘောဇအုပ်စုသည် ရိုဟင်ဂျာလူမျိုးတုံးသတ်ဖြတ်မှုအတွက် မြန်မာစစ်တပ်နှင့် ရခိုင်ပြည်နယ်တွင် လူသားချင်းစာနာထောက်ထားမှုအကူအညီ၊ ပြန်လည်နေရာချထားရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေး အဖွဲ့အစည်း (UEHRD) သို့ စုစုပေါင်း အမေရိကန်ဒေါ်လာ ၄ ဒသမ ၇ သန်း လှူဒါန်းခဲ့သည့် ခရိုနီလုပ်ငန်းစုတစ်ခုဖြစ်ကြောင်း ကုလသမဂ္ဂရဲ့ မြန်မာနိုင်ငံဆိုင်ရာ နိုင်ငံတကာ အချက်အလက် စုဆောင်းရေးအဖွဲ့ UN Independent International Fact-Finding Mission on Myanmar မှ ဖော်ထုတ်ခဲ့ပါသည်။ အချက်အလက်ရှာဖွေရေးမစ်ရှင်သည် လှူဒါန်းမှုများကြောင့် ကမ္ဘောဇအုပ်စု၏ တာဝန်ရှိသူများအပေါ် ရာဇဝတ်မှုဆိုင်ရာ စုံစမ်းစစ်ဆေးမှုပြုလုပ်ရန် အကြံပြုထားပြီး ၎င်းတို့သည် လူသားမျိုးနွယ်အပေါ် “အခြားလူမဆန်သောလုပ်ရပ်များ” ကြီးမားသည့် ရာဇဝတ်မှုများကျူးလွန်ရာတွင် တိုက်ရိုက်ပါဝင်ကူညီမှုများ ပြုလုပ်ခဲ့ကြောင်း ဖော်ပြခဲ့သည်။

MCN နှင့် JFM တို့သည် အဆိုပါကုမ္ပဏီများနှင့် ဆက်စပ်သော လူပုဂ္ဂိုလ်များအပေါ် ပိတ်ဆို့အရေးယူမှုများ ပြုလုပ်ရန် ဖိအားပေးခဲ့သည်။

Myanmar Campaign Network ၏ Campaign Manager ဖြစ်သော Tasneem Roc က “သြစတေးလျရဲ့ ဗီဇာ ငြင်းပယ်မှုက လူ့အခွင့်အရေး ချိုးဖောက်မှုတွေမှာ ပါဝင်ပတ်သက်သူတွေအတွက် နေရာပလက်ဖောင်း ဒါမှမဟုတ် ပံ့ပိုးမှုတွေမရှိဘူးဆိုတာကို အားကောင်းတဲ့ သတင်းစကား ပေးပို့လိုက်တာ ဖြစ်ပါတယ်။ မြန်မာနိုင်ငံမှာ ဒီမိုကရေစီ လှုပ်ရှားမှုကို ထောက်ခံကြောင်း ပြသဖို့ ပိတ်ဆို့အရေးယူမှုတွေ ထပ်မံပြုလုပ်ပေးဖို့ လိုအပ်နေပါတယ်။”

Justice For Myanmar ၏ ပြောရေးဆိုခွင့်ရှိသူ ရတနာမောင်က “ရှမ်းယူနိုက်တက်ကို သြစတြေးလျက ဗီဇာ ငြင်းပယ်တာကို ကြိုဆိုပါတယ်၊ ဒါပေမယ့် ပိုပြီးတော့ လုပ်ရမှာပေါ့။ သြစတြေးလျဟာ တရားမဝင်စစ်တပ်ရဲ့ ရန်ပုံငွေတွေ၊ လက်နက်တွေ၊ စက်ကိရိယာတွေနဲ့ လေယာဉ်လောင်စာဆီ အရင်းအမြစ်တွေကို နောက်ထပ်ပိတ်ဆို့အရေးယူမှုတွေ အမြန်ဆုံး ချမှတ်သင့်ပြီး ၎င်းရဲ့ မဟာမိတ်တွေက ချမှတ်ထားတဲ့ ပိတ်ဆို့အရေးယူမှုတွေနဲ့အတူ အမီလိုက်သင့်ပါဆောင်ရွက်သင့်ပါတယ်။”

Australian Coalition for Democracy in Burma (ACDB)၏ ပြောရေးဆိုခွင့်ရှိသူ Peter Murphy က "ရှမ်းယူနိုက်တက် ကစားသမားတွေနဲ့ တာဝန်ရှိသူတွေကို ဗီဇာပိတ်ပင်ဖို့ ဩစတြေးလျရဲ့ ဆုံးဖြတ်ချက်ကို ကြိုဆိုပေမယ့် Football Australia နဲ့ FIFA က နိုင်ငံတကာ ဘောလုံးလောကအတွင်း လူ့အခွင့်အရေးကို ထိန်းသိမ်းဖို့ အရေးကြီးတဲ့ တာဝန်ရှိပါတယ်။ လူ့အခွင့်အရေးချိုးဖောက်မှုတွေမှာ အပြစ်ရှိကြောင်း တွေ့ရှိရတဲ့ ပြည်နယ်တွေ၊ အဖွဲ့အစည်းတွေ ဒါမှမဟုတ် လူပုဂ္ဂိုလ်တွေကို ပိတ်ပင်သင့်ပါတယ်။"

Global Myanmar Spring Revolution ကမ္ဘာလုံးဆိုင်ရာ မြန်မာ့နွေဦးတော်လှန်ရေးအဖွဲ့ (GMSR)၏ ပြောရေးဆိုခွင့်ရှိသူ မမွန်ဇင်က "ဒီဗီဇာ ပိတ်ပင်မှုက တရားမျှတမှုဆီ ဦးတည်တဲ့ တိုးတက်မှုကို အသိအမှတ်ပြုပေမယ့် လူငယ်တွေအတွက် ရောထွေးတဲ့ စိတ်ခံစားမှုတွေကိုပါ လှုံ့ဆော်ပေးပါတယ်။ စစ်အာဏာရှင်တွေရဲ့ ဖိနှိပ်ချုပ်ချယ်မှုကနေ လွတ်မြောက်ပြီး အားလုံးအတွက် အခွင့်အလမ်းတွေနဲ့ မြန်မာနိုင်ငံကို လိုလားပါတယ်။ ဂုဏ်ယူစရာအခိုက်အတန့်ဖြစ်တဲ့ Sydney မှာ ဘောလုံးကြယ်ပွင့်တွေကို ဂုဏ်ပြုဖို့ စိတ်ကူးယဉ်ခဲ့ကြပါတယ်။ ဒါပေမယ့် ကမ္ဘာက မြန်မာစစ်တပ်ရဲ့ ရက်စက်ကြမ်းကြုတ်မှုကို ဆန့်ကျင်သည့်တိုင်အောင် ကျမတို့ရဲ့ မျှော်လင့်ချက်တွေ မပြည့်မီသေးပါဘူး။ ဒီပိတ်ပင်မှုဟာ တရားမျှတမှုအတွက် တောင်းဆိုချက်အဖြစ် ကြွေးကြော်ပြီး မြန်မာနိုင်ငံ လွတ်မြောက်ဖို့အတွက် မယိမ်းယိုင်တဲ့ ရုန်းကန်လှုပ်ရှားမှုတွေကို လှုံ့ဆော်ပေးခဲ့ပါတယ်။"

မီဒီယာများ၏မေးမြန်းမှုများအတွက် အောက်ပါ အီးမေးလ်လိပ်စာ သို့မဟုတ် ဖုန်းနံပါတ်မှတဆင့် ဆက်သွယ်မေးမြန်းနိုင်ပါသည်။

Tasneem Roc, Campaign Manager, Myanmar Campaign Network: troc@apheda.org.au, +61 2 8203 6044
Yadanar Maung, Spokesperson, Justice For Myanmar: partners@justiceformyanmar.org
Peter Murphy, Spokesperson, Australian Coalition for Democracy in Burma: peter_murphy1_au@bigpond.com
Mon Zin, Spokesperson, Global Myanmar Spring Revolution: GMSRMyanmar@gmail.com